## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
## (၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**(၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၁၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၇ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၇ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၅ ရက်၊

(၂) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊

(၃) နန့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၄) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၅) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၂ ရက်၊

(၆) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊

(၇) နန့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၈) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းလှသိန်း ခွင့် ၁ ရက်၊

(၉) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချို့ချို့ဝင်း ခွင့် ၃ ရက်၊

(၁၀) ဒိပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၁၁) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း ခွင့် ၁ ရက်၊

(၁၂) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေ ခွင့် ၁ ရက်၊

(၁၃) ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊

(၁၄) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၂ ရက်၊

(၁၅) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်၊

(၁၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၇) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၁၈) သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည် ခွင့် ၅ ရက်၊

(၁၉) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၂၀) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စန်းနိုင် ခွင့် ၅ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သီဟ ခွင့် ၅ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၅ ရက်၊

(၂၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထိန်လင်း ခွင့် ၅ ရက်၊

(၂၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၂၆) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်နှင့်

(၂၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၇ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ၂၉ ဦး ရှိပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်၏

ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်းရှိ မဲစာရင်းများ မှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့် ရွေးကောက်ပွဲကာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းပေးရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျင်းပပြီးစီးခဲ့သော ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ကျောက်တံတားမြို့နယ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မဲစာရင်းများတွင် သေဆုံးသွားသောသူများ အမည်စာရင်းများ၊ အိမ်ပြောင်းရွှေ့သွားသောသူများ အမည်စာရင်းများ၊ မြို့နယ်အတွင်း၌ အမှန်တကယ်နေထိုင်ခြင်းမရှိသော အမည်စာရင်းများ၊ မှတ်ပုံတင်နံပါတ်မှားယွင်းနေသော အမည်စာရင်းများ ပါဝင်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျောက်တံတားမြို့နယ်အပါအဝင် မြန်မာနိုင်ငံအတွင်းရှိ မဲစာရင်းများမှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲကာလ၌ မဲစာရင်းများ မှန်ကန်စေနိုင်ရန် မည်ကဲ့သို့ စီစဉ်၊ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်၏ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်များ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အဖွဲ့ဝင် ဦးလှတင့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရဲ့ကိုယ်စား တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်ရဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်အတွင်း မဲစာရင်းများ မှားယွင်းနေမှုအပေါ် မှာ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ မည်သို့ဆောင်ရွက်ထားကြောင်း၊ မဲစာရင်းမှန်ကန်စေရေးအတွက် ဘယ်လို စီစဉ်ထားတယ်ဆိုတာ သိလိုခြင်းဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကလည်းပဲ ကျောက်တံတားမြို့နယ်သာမကဘဲနဲ့ တစ်နိုင်ငံလုံးနှင့် သက်ဆိုင်တဲ့မေးခွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ နောင်လာမယ့်ရွေးကောက်ပွဲတွေမှာ မဲစာရင်းမှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ အဓိကကတော့ ၂၀၁၅ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲမှာ ပြုစုခဲ့တဲ့ မဲစာရင်းတွေကို အခြေပြုပြီးတော့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတော့ အိမ်တိုင်ရာရောက် Door to door ကျွန်တော်တို့ မဲစာရင်းကောက်ယူခြင်းနှင့် ပိုမိုပြည့်စုံစွာ တိကျမှန်ကန်စေရေး ဆောင်ရွက်သွားရန် စီစဉ်ထားပါတယ်။ ဒီလိုစီစဉ်တဲ့နေရာမှာ ကျွန်တော်တို့ နိုင်ငံရေးပါတီတွေ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းတွေ၊ နောက်တစ်ခါကျွန်တော်တို့ မဲဆန္ဒရှင်ပြည်သူတွေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်များရဲ့ ပူးပေါင်းပါဝင်မှုအတွက်လည်းပဲ ကျွန်တော်တို့က ဗွီနိုင်းပိုစတာတွေကပ်မယ်။ နောက်တစ်ခါ ကျွန်တော်တို့ ရေဒီယိုရုပ်မြင်သံကြားကနေပြီးတော့ အသံလွှင့်မယ်။ နောက်တစ်ခါ လက်ကမ်းစာစောင်တွေဖြန့်ဝေမယ်။ အဲဒီနည်းနဲ့ လှုံ့ဆော်စည်းရုံးသွားဖို့လည်း ကျွန်တော်တို့ စီစဉ်ထားပါတယ်။ နောက်တစ်ခါ တစ်ဆက်တည်းတင်ပြလိုတာက အဲဒီမဲစာရင်းကောက်ယူမှုနှင့် ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်ကို စံပြစမ်းသပ်နယ်မြေအဖြစ် သတ်မှတ်ပြီးတော့ စတင်ကောက်ယူသွားဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်ခင်ဗျား။ ဒါကိုလည်း ဒီမေးခွန်းမတိုင်ခင်ကတည်းက၊ ပြီးခဲ့တဲ့ ဒီလဆန်းကတည်းက ကျွန်တော်တို့ စံပြအနေနဲ့ စီစဉ်ထားပါတယ်။ ဒါတစ်ဆက်တည်း တင်ပြရင်း ဖြေကြားအပ်ပါတယ်။ လေးစားပါတယ်။

**ကချင်ပြည်နယ်၊ မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တောအတွင်း ကျရောက်လျက်ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောဧရိယာမှ ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လူဦးရေ တိုးတက်လာသည်နှင့်အမျှ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်နိုင်ရန်နှင့် စိုက်ပျိုးမြေများ တိုးချဲ့ လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောဧရိယာများ လျှော့ချပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိမည် ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်၊ မရှိပါက အဘယ်ကြောင့် မရှိသည်တို့ကို သိလို ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးချင်းဖေလင်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးချင်းဖေလင်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်၊ မံစီမြို့နယ်ဟာဆိုလို့ရှိရင် ၁၉၇၃ ခုနှစ်ကနေစပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့် ပြန်တမ်းအရ ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀၊ ကျေးရွာပေါင်း ၂၃၄ ရွာနှင့် မြို့တစ်ခုအဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်အရောက်မှာ သစ်တောရေးရာဝန်ကြီးဌာနက မံစီမြို့နယ်၊ မြို့ပေါ်လေးရပ်ကွက်နဲ့ သစ်တောကြိုးဝိုင်းဧရိယာအားချန်ပြီး တစ်မြို့နယ်လုံးရှိတဲ့ ကျေးရွာ မြေများ၊ စိုက်ပျိုးမြေများ၊ မြေလွတ်/မြေရိုင်းများကို သစ်တောဥပဒေနဲ့ သစ်တောကြိုးပြင်ကာကွယ် ဧရိယာဖြင့် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ ကျွန်တော်တို့ မံစီမြို့နယ်ရဲ့ ဧရိယာအကျယ်အဝန်းဟာ ဆိုလို့ရှိရင် ၇၂၉၇၀၉ ဧကရှိပြီး ကြိုးပြင်တောကာကွယ်ရေး ဧရိယာကျတော့ ၆၂၁၃၁၈ ဧကအထိ သတ်မှတ်ထားတဲ့အတွက်ကြောင့်မို့လို့ လွတ်ကင်းဧရိယာဆိုလို့ရှိရင် ၁၀၃၃၉၁ ဧက ကျန်တဲ့အတွက် ကြောင့်မို့လို့ ကျေးရွာ/မြို့ပြတိုးချဲ့စီမံကိန်းတွေ ဆောင်ရွက်တဲ့နေရာမှာဆိုလို့ရှိရင် အခက်အခဲရှိလာ နိုင်ပါတယ်။ ပြည်ထဲရေးအမည်ပေါက် ကျေးရွာအုပ်စု ၃၅ အုပ်စုနဲ့ ကျေးရွာပေါင်း ၂၁၁ ရွာဟာ ဆိုလို့ရှိရင်လည်း ခုချိန်အထိ ကြိုးဝိုင်းတော/ကြိုးပြင်ကာကွယ်တောထဲမှာ ကျရောက်နေဆဲ ဖြစ်ပါ တယ်။ ပြီးတဲ့အခါကျတော့ အဲဒီအနီးရွာပတ်ဝန်းကျင်တွေမှာ ဆိုလို့ရှိရင်လည်း ကျွန်းသစ်၊ အခြား အဖိုးတန်သစ်တောထွက်ပစ္စည်းတွေဆိုတာလည်း ပေါက်ရောက်ထွက်ရှိခြင်း မရှိတော့တာလည်း ကြာမြင့်ပြီဖြစ်ပါတယ်။ ဒီလိုကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအတွင်းမှာ ကျရောက်နေတဲ့အတွက် ကြောင့်မို့လို့လည်း ကျွန်တော်တို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာလည်း များစွာ

အခက်အခဲတွေ ရှိနေပါတယ်။ လတ်တလောအခြေအနေမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ မံစီမြို့နယ်၊ မိုင်းခေါင်ဒေသဘက်မှာဆိုလို့ရှိရင် ဒီဒေသလုံခြုံရေးကိုအကြောင်းပြုပြီးမှ လယ်ယာမြေလုပ်ပိုင်ခွင့်တွေ အကန့်အသတ်ခံနေရတာတစ်ကြောင်း သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောဧရိယာတွေ များပြားနေတာတစ်ကြောင်းကြောင့်မို့လို့ ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာဆိုလို့ရှိရင် လယ်ယာလုပ်ပိုင်ခွင့်တွေက များစွာနစ်နာဆုံးရှုံးနေရပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေ ဘိုးစဉ်ဘောင်ဆက်နေထိုင်ခဲ့တဲ့ ကျေးရွာမြေများအပေါ်မှာ လွတ်လပ်စွာနေထိုင်နိုင်ဖို့ အစဉ်အဆက်လက်ငုတ်လက်ရင်းဖြစ်တဲ့ လုပ်ကိုင်နေခဲ့တဲ့ မိမိတို့ရဲ့စိုက်ပျိုးမြေများမှာ လွတ်လပ်စွာလုပ်ကိုင်နိုင်ခွင့်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)ရရှိရေးတို့နှင့် စိုက်ပျိုးရေးစရိတ်ချေးငွေရရှိရေးတို့မှာ လတ်တလောမှာ အရေးတကြီးလိုအပ်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါသောကြောင့် ကျွန်တော်မေးမြန်းလိုတာက ကျွန်တော်တို့ ကချင်ပြည်နယ်၊ မံစီမြို့နယ် အတွင်း ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောအတွင်းမှာ ကျရောက်လျက်ရှိသော ကျေးရွာမြေများ၊ ကျေးရွာများနှင့် သစ်တောဧရိယာများအား ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်နိုင်ရန်အတွက်၊ စိုက်ပျိုးမြေများတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောဧရိယာများ လျှော့ချပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်။ ရှိမယ်ဆိုပါက ဘယ်အချိန်အတိုင်းအတာလောက်မှာ ဆောင်ရွက်ပေးမှာလဲဆိုတာနှင့် မရှိဘူးဆိုပါက အဘယ်ကြောင့်နည်းဆိုတာကို သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးချင်းဖေလင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဝန်ကြီးဌာနအနေနဲ့ သစ်တောများကနေပြီးတော့ ရရှိလာတဲ့တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးစီးပွားများကို လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများ စဉ်ဆက်မပြတ်ခံစားနိုင်စေရေးအတွက် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နိုင်စေရန် ရည်မှန်းပြီးတော့ မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ သစ်တောဦးစီးဌာနက ခရိုင်အလိုက် သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစီမံကိန်းများကို ၁၀ နှစ်တာကာလပိုင်းခြားပြီး ရေးဆွဲဆောင်ရွက်ပြီးတော့ နှစ်စဉ်ခွင့်ပြုနိုင်တဲ့ တောထွက်(Annual Allowable cut)ကိုလည်းပဲ တွက်ချက်စီမံအုပ်ချုပ်လျက်ရှိပါတယ်။ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများဖွဲ့စည်းခြင်းကို နိုင်ငံတော်ဧရိယာရဲ့ ၃၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေ(PAS)ကို နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း သစ်တောနယ်မြေတိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပြီးတော့ သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူတွေရဲ့အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်စေရေးနဲ့ သစ်တောဖုံးလွှမ်းမှုတိုးတက်ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီးတော့ ပြည်သူများရဲ့ အခြေခံလိုအပ်ချက်များကိုလည်းပဲ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ မြို့ပြကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဆောင်ရွက်တဲ့နေရာမှာ ပြည်သူလူထုရဲ့ စားဝတ်နေရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၃(၁)/၇/သမ္မတရုံးရဲ့ ညွှန်ကြားချက်နှင့်အညီ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်းမှာ နှစ်ကာလအတန်ကြာ ကျူးကျော်အခြေချနေထိုင်တဲ့ ရွာစု၊ အိမ်စုများကို ဌာနဆိုင်ရာပါဝင်တဲ့အဖွဲ့အစည်းများနဲ့ စာရင်းကောက်ယူပြီးတော့ ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားပေးနိုင်ရေးအတွက် စီမံချက်များရေးဆွဲပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင်တဲ့ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းပြီးတော့ စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ မြေပြင်အချက်အလက်စာရင်းများ ကောက်ယူခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် များမှာဆိုလို့ရှိရင် ပြည်နယ်ကြီးကြပ်မှုကော်မတီအဖွဲ့အစည်းများနဲ့ ၂၀-၂-၂၀၁၃ ရက်နေ့မှ ၂၅-၃-၂၀၁၃ ရက်နေ့အထိ မြေပြင်မှာကွင်းဆင်းပြီးတော့ ကိန်းဂဏန်းများ၊ စာရင်းဇယားများ၊ မှတ်တမ်းများ၊ အဖွဲ့စုံနဲ့ စာရင်းကောက်ယူပြုစုတဲ့နေရာမှာ ရရှိတဲ့စာရင်းများအရ

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော များကနေ ပယ်ဖျက်ခြင်းလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီးတော့ အောက်ပါလုပ်ငန်းစဉ်များအတွင်း ဆောင်ရွက်ပါတယ်-

(က) အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်ပေါက် ရွာများရဲ့ ရွာမြေ၊ လယ်မြေ၊ သာသနာ/အများပိုင်မြေများကို သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊

(ခ) အိမ်ခြေ ၅၀ နှင့်အထက် ပြည်ထဲရေးအမည်မပေါက်တဲ့ ကျေးရွာများကို အထက်ပါ အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ သစ်တောနယ်မြေများမှ ပယ်ဖျက်ခြင်း၊

(ဂ) အိမ်ခြေ ၅၀ အောက် ပြည်ထဲရေးဝန်ကြီးဌာန အမည်ပေါက် ကျေးရွာများနှင့် အမည် မပေါက်သော်လည်း အခိုင်အမာတည်ထောင်ထားပြီးဖြစ်တဲ့ ကျေးရွာများကို အထက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း သစ်တောနယ်မြေအဖြစ်မှ ပယ်ဖျက်ခြင်း၊

(ဃ) အိမ်ခြေ ၅၀ အောက် ပြန့်ကျဲအိမ်စုများနှင့် ပြည်ပမှ ကျူးကျော်တဲ့ ရွာများ၊ ရွာမြေ၊ လယ်မြေများကို ဆက်လက်စိစစ်ပြီး ဖွဲ့စည်းနေရာချထားပေးခြင်းနှင့် သစ်တောနယ်မြေ အဖြစ်မှ ပယ်ဖျက်ခြင်း စတဲ့ လုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ မြန်မာပြည်တစ်ပြည်လုံး ၅၀၈၀၄၇.၆၉ ဧကကို သစ်တောမြေ အဖြစ်မှလည်းကောင်း၊ ယာမြေ ၇၁၇၇၃.၀၂ ဧကကို သစ်တောမြေမှ ပယ်ဖျက်ခြင်းမပြု ဘဲနဲ့ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့စနစ်ကို အခြေခံပြီးတော့ ပြည်သူဒေသခံ အများစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခြင်းလုပ်ငန်းများကို ခွင့်ပြုပေးလျက်ရှိပါတယ်။

ကချင်ပြည်နယ်မှာရှိတဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းမှာ နှစ်ကာလအတန်ကြာ အခြေချနေထိုင်လျက်ရှိတဲ့ ကျေးရွာများ၊ ရွာစု၊ အိမ်စုများနှင့် ကျူးကျော် လယ်၊ ယာ၊ ဥယျာဉ်ခြံမြေ၊ ရွာမြေ၊ သာသနာ၊ အများပိုင်မြေများ စာရင်းကောက်ပြီးတော့ အခြားတိုင်းဒေသကြီး/ပြည်နယ်များ နည်းတူ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစည်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လများမှာလည်း စာရင်းကောက်ယူတဲ့နေရာမှာ လုံခြုံရေးအကန့်အသတ်များကြောင့်မို့လို့ ကွင်းတော်စာရင်းကောက်ယူတဲ့နေရာမှာ အခက်အခဲရှိပြီးတော့ ဆက်လက်ကောက်ယူနိုင်ခြင်း မရှိခဲ့ ပါဘူး။ ကချင်ပြည်နယ်အတွင်းမှာဆိုလို့ရှိရင်တော့ စုစုပေါင်း ကျေးရွာ ၂၄ ရွာရဲ့ ရွာမြေ ၇၈၀.၉၅ ဧက၊ လယ်မြေ ၁၆၇၂.၆၄ ဧက၊ သာသနာ/အများပိုင်မြေ ၃၁၄.၇၄ ဧက စုစုပေါင်း ၂၇၆၈.၃၃ ဧကကိုတော့ ပယ်ဖျက်ပေးပြီး ဖြစ်ပါတယ်။ စာရင်းကောက်ယူရတဲ့ ယာမြေ ၅၇၇၅.၆၃ ဧကအနက် ၅၉၀.၅

ဧကကိုတော့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်း လုပ်ငန်းစဉ်နဲ့ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းတို့ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်ယာမြေများကို ဆက်လက်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မံစီမြို့နယ်အတွင်းမှာ သစ်တောကြိုးဝိုင်း ၁၀ ခု၊ ကြိုးပြင် ကာကွယ်တောကိုးခုနှင့် အားလုံးစုစုပေါင်းဧရိယာအားဖြင့် ၄၅၉၆၅၂ ဧကရှိပြီးတော့ နယ်မြေလုံခြုံ ရေးကောင်းမွန်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီနှင့် မတ်လများအတွင်းမှာ သစ်တောမြေများအတွင်း ကျူးကျော်မှုစာရင်းကို မြို့နယ်အတွင်း နေရာအားလုံးမှာ ကောက်ယူနိုင် ခဲ့ခြင်းမရှိပါဘူး။ အခု မေးမြန်းခဲ့တဲ့ မံစီမြို့နယ်အတွင်းမှာရှိတဲ့ လုံဂျာကြိုးဝိုင်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်တဲ့ ကောက်ရာရပ်ကွက်မြေ ၂.၇၁ ဧက၊ ပြင်ဦးလွင်ရပ်ကွက်မြေ ၇.၁၅ ဧကနှင့် သာသနာပိုင်/ အများပိုင်မြေ ၁၈.၀၄ ဧက စုစုပေါင်း ၂၇.၉ ဧကကိုပဲ သစ်တောမြေကနေ ပယ်ဖျက်ပေးပြီးဖြစ်ပါတယ်။ နယ်မြေလုံခြုံမှုအခြေအနေ ကောင်းမွန်လာပါက ဌာနပေါင်းစုံအဖွဲ့အစည်းများနဲ့ ချက်ချင်းစာရင်း ကောက်ယူပြီးတော့ အခြားတိုင်းဒေသကြီး/ပြည်နယ်များလိုပဲ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ အတွင်း နှစ်အတန်ကြာ ကျူးကျော်နေထိုင်လျက်ရှိတဲ့ ကျေးရွာများကနေပြီးတော့ လယ်၊ ရွာမြေ၊ သာသနာပိုင်/အများပိုင်မြေများကို သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက် ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာ သတ်မှတ်နှုန်းထား အတိုင်း သက်သာသောစရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တစ်ပြေးညီ ဆောင်ရွက်ပေးရန်နှင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်၊ မရှိဟုဆိုပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင် ဖြစ်ပါတယ်။ ကျွန်မမေးမည့်

အကြောင်းအရာကတော့ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်မှာရှိတဲ့ ကျေးရွာများမှ ပြည်သူများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ရာမှာ မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာနဲ့ သတ်မှတ်နှုန်းထားအတိုင်း နိုင်ငံသားတိုင်းအပေါ်မှာ တစ်ပြေးညီ ဆောင်ရွက်ပေးရန်နှင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ ကျွန်မတို့ဘားအံမြို့နယ်ဟာ ဆိုရင် မြန်မာနိုင်ငံရဲ့တောင်ဘက်မှာတည်ရှိပြီးတော့ ထိုင်းနိုင်ငံရဲ့နယ်စပ်ကို သွားလာရေးလွယ်ကူတဲ့ မြို့နယ်လည်းဖြစ်ပါတယ်။ ဘားအံခရိုင်မှာတည်ရှိပြီးတော့ ဘားအံမြို့နယ်ရဲ့ လူဦးရေဟာ ၃၇၀၀၀၀ ကျော်လည်းရှိပါတယ်။ အသက် ၁၈ နှစ်အထက်ကတော့ ၂၃၀၀၀၀ ကျော်ရှိပါတယ်။ မြို့ရဲ့အိမ်ခြေဟာ ၉၃၃၈၊ အိမ်ထောင်စုရပ်ကွက်ကတော့ ၉၃၇၀ နှင့် ကိုးရပ်ကွက်ရှိပါတယ်။ ကျေးလက်နေအိမ်ခြေ ကတော့ ၅၆၀၀၀ ကျော်ရှိပြီးတော့ အိမ်ထောင်စုက ၆၁၀၀၀ ကျော်ရှိပါတယ်။ ကျေးရွာအုပ်စု ၉၁ အုပ်စုနဲ့ ကျေးရွာပေါင်း ၄၇၄ ရွာရှိတဲ့ မြို့နယ်လည်းဖြစ်ပါတယ်။ ဘားအံမြို့နယ်မှာရှိတဲ့ ကျေးလက် တောရွာများမှာဆိုရင် အိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိတဲ့ ပြည်သူလူထုများမှာ ၉၀ ရာခိုင်နှုန်းခန့်ရှိနေတယ်လို့ သိရှိခဲ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားများအားလုံးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ဆုံးရရှိရေးအတွက် တစ်နိုင်ငံလုံးကွင်းဆင်းပြီး ပွင့်လင်းမြင်သာစွာနဲ့ One Stop Service စနစ် ကို အသုံးပြုပြီး မိုးပွင့်စီမံချက်နဲ့ လျင်မြန်စွာဆောင်ရွက်ပေးခဲ့တယ်ဆိုတာကိုလည်း တွေ့မြင်ခဲ့ရပါ တယ်။ ဒါပေမဲ့လို့လည်း ဘားအံမြို့နယ်မှာရှိတဲ့ ကျေးရွာများမှပြည်သူများဟာ မြို့နယ် လ.ဝ.က ရုံးကို နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသော လူဦးရေတွေနဲ့တကွ တင်ပြခဲ့ပေမယ့်လို့လည်း အကြောင်း ပြန်ကြားခြင်းမရှိခဲ့ပါဘူး။ အဲဒီအပြင် စာအကြိမ်ကြိမ်တင်ပေမယ့်လို့လည်း အချည်းနှီးဖြစ်ခဲ့ရပါတယ်။ မြို့နယ် လ.ဝ.က ရုံးကို လာရောက်ဆက်သွယ်မေးမြန်းပေမယ့်လည်း ရက်ချိန်းပေး အကြောင်း အမျိုးမျိုးပြခြင်းကြောင့် လာရောက်မေးမြန်းစုံစမ်းလာသူတွေရဲ့ ခရီးစရိတ်ကုန်၊ အချိန်ကုန်၊ အကျိုး သက်ရောက်မှုမရှိဘဲ ဖြစ်နေခဲ့ပါတယ်။ ဒါ့အပြင် ဘားအံမြို့နယ်မှာရှိတဲ့ ကျေးလက်ပြည်သူများဟာ လက်ရှိအနေအထားထက်ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင် လူမှုစီးပွားဘဝကိုမျှော်လင့်ပြီး ပြည်တွင်း သော်လည်းကောင်း၊ ပြည်ပမှာသော်လည်းကောင်း ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်နေကြရသူ များ အများအပြားပဲဖြစ်ပါတယ်။ အဲဒီလို ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကြသူများဟာ နိုင်ငံသား မိဘနှစ်ပါးက မွေးဖွားတဲ့နိုင်ငံသားများဖြစ်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း များ မရှိကြသူတွေများပါတယ်။ ဒါကြောင့် ကျွန်မတို့ဘားအံမြို့နယ်မှာရှိတဲ့ ကျေးလက်ပြည်သူများ

ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကြသူများအပါအဝင် နိုင်ငံသားတိုင်းအပေါ်မှာ သက်သာသောစရိတ်နှုန်းထားတွေနဲ့ တစ်ပြေးညီဆောင်ရွက်ပေးရန်နှင့် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း။ မဲဆန္ဒရှင်ပြည်သူတို့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်ရဲ့ မေးခွန်းပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားလိုတာကတော့ ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများရဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ပေးရာတွင် သက်သာသောစရိတ်နှုန်းထားနှင့် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများပြုလုပ်ပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်။ ပိုမိုပြီးတော့မှ ပြည့်စုံအောင် ရှင်းလင်းတင်ပြရမယ်ဆိုလို့ရှိရင် မိုးပွင့်စီမံချက်များနှင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့တဲ့နေရာမှာ ကရင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ အိမ်ထောင်စု ၂၅၆၄၃ စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း ၃၂၉၂၀၀ ဦးဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ မိုးပွင့်စီမံချက်နှင့် ဆောင်ရွက်ပေးနေစဉ်ကာလမှာပဲ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ နော်ဝေဒုက္ခသည်ဆိုင်ရာ ကောင်စီ(Norwegian Refugee Council-NRC)ကနေပြီးတော့မှ ဝန်ကြီးဌာနနဲ့ သဘောတူစာချွန်လွှာ(LOA) လက်မှတ်ရေးထိုးပြီးတော့မှ ကရင်ပြည်နယ်အတွင်း ကျွန်တော်တို့ လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့က စတင်ပြီးတော့မှ ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်းများမှာ

စာရွက်စာတမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ပြည်သူတစ်ဦးချင်း စိုက်ထုတ်ကုန်ကျရမယ့်သတ်မှတ်ငွေများကို NRC ကပံ့ပိုးကူညီပြီးတော့မှ ပြည်သူများအား အခမဲ့ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ NRC အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့က ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့အထိ ကရင်ပြည်နယ်အတွင်းမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၉၄၇၄၄ ဦးအား အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ်ကိုးမြို့နယ်နှင့် NRC ရဲ့ပံ့ပိုးကူညီမှုနဲ့ တစ်လလျှင်အနည်းဆုံးတစ်ကြိမ်နှုန်းဖြင့် မြို့နယ်အဆင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီရဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာတာဝန်ရှိသူများရဲ့ ဖိတ်ခေါ်မှုအရလည်းကောင်း၊ ကျေးရွာအရောက်လုပ်ငန်းများကို ကျွန်တော်တို့ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဘားအံမြို့နယ်အနေနဲ့ ရပ်ကွက်ကိုးခု ကျေးရွာအုပ်စု ၉၁ အုပ်စုနဲ့ ကျေးရွာပေါင်း ၄၇၈ ရွာနှင့် ဖွဲ့စည်းထားပြီးတော့မှ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ မိုးပွင့်အဆင့်တစ် စတင်ချိန်က စတင်ပြီးတော့မှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကျွန်တော်တို့ အိမ်ထောင်စု ၁၅၀၀၀ စုကို အိမ်ထောင်စာရင်းထုတ်ပေးခဲ့ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၂၁၂၂ ခု ထုတ်ပေးနိုင်ခဲ့ပါတယ်။ ကျေးရွာပေါင်း ၄၇၈ ရွာကို ၃၈၇ ကြိမ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ မိုးပွင့်စီမံချက်များ ပြီးစီးသော်လည်းပဲ နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းကွင်းဆင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီးတော့ ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့အထိ ဘားအံမြို့နယ်အတွင်းမှာ အိမ်ထောင်စု ၂၃၀၀ စုနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၉၆၇၈ ဦး ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှပဲ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသလို One Stop Service နဲ့ ပြည်သူများကို ဘားအံမြို့နယ်အတွင်းမှာ ကျွန်တော်တို့ အိမ်ထောင်စုစာရင်းများပြုလုပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ခြင်းများကို အခမဲ့ဆက်လက်ပြီးတော့မှ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် လာမယ့်ကာလများမှာလည်း ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲမဲဆန္ဒနယ်က ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်ခင်ညိုအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည် တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မကိုယ်စားပြုတဲ့ ဒေးဒရဲမြို့နယ်အတွင်း ဒီရေကာကွယ်တောနှင့်ပတ်သက်၍ ပြည်သူများခံစားနေရသော စိုးရိမ်သောက များအတွက် ပြည်သူ့ကိုယ်စား ပြည်ထောင်စုအစိုးရကို တင်ပြတောင်းဆိုလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ရှေးဦးစွာ ဒီရေတောနှင့်ပတ်သက်လို့ အနည်းငယ် တင်ပြလိုပါတယ်။ ဒီရေတောသည် ကုန်းမြေနှင့် ပင်လယ်အကြား ကြားခံအနေနဲ့တည်ရှိသည့် လမု၊ ခနိ၊ မဒမ၊ တမက်၊ ကနစို စသည့် အပင်များ ထူထပ်စွာပေါက်ရောက်နေသော တောဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဒီရေတောသည် ကမ္ဘာ့ဒီရေတော၏ ၃.၃ ရာခိုင်နှုန်းရှိပြီး သတ္တမမြောက်ဒီရေတော အကျယ်ဆုံးနိုင်ငံဖြစ်ပါတယ်။ စုစုပေါင်းဧက ၁၂ သိန်း ခန့်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှာ ၄၆ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးမှာ ၃၇ ရာခိုင်နှုန်း၊ ရခိုင်ပြည်နယ်တွင် ၁၇ ရာခိုင်နှုန်း ရှိပါတယ်။ ဒီရေတောရှိခြင်းများ၏ အကျိုးကျေးဇူးများမှာ မြေပြိုမှုကို ကာကွယ်ပေးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း၊ ဆူနာမီရေလှိုင်းစသည့် ဘေးဒဏ်တို့မှကာကွယ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ထိန်းညှိပေးခြင်း၊ အမျိုးမျိုးသော ဇီဝမျိုးစိတ်များ၏သားပေါက်များ ရှင်သန်ကြီးထွားစေရန် စောင့်ရှောက်ပေးခြင်း၊ ငါး၊ ပုဇွန်တို့၏ ခိုနားရာနေရာဖြစ်ခြင်း၊ တိရစ္ဆာန်တို့၏ စားကျက်ဖြစ်ခြင်း၊ တံငါသည်များအတွက် ဝင်ငွေကောင်းသော အဓိက အရင်းအမြစ်ဖြစ်ခြင်း၊ အနားယူဖို့နှင့် ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သော အရင်းအမြစ်ဖြစ်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေပါတယ်။ ထိုသို့အကျိုးများသော ဒီရေတောသည် ယခုအခါ မြန်မာနိုင်ငံတွင် ဒီရေတောဖုံးလွှမ်းမှု ၁၂ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရပါတယ်။ အခု ဒီရေတောများကို ပြုပြင် ရန်

အရေးတကြီးလိုအပ်နေပါတယ်။ ဒီရေတောဆုံးရှုံးရခြင်း၏အကြောင်းအရင်းမှာ လောင်စာများအတွက် အလွန်အကျွံခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ဒီရေတောကိုရှင်း၍ စိုက်ပျိုးမြေလုပ်ခြင်း၊ ငါးပုဇွန်ကန်များပြုလုပ်ခြင်း၊ လူနေအိမ်များထူထောင်ခြင်းတို့ကြောင့် အများဆုံး ဆုံးရှုံးရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဒေးဒရဲမြို့နယ်၊ မုတ္တမပင်လယ်ကမ်းခြေမှာ ယခုအချိန်အထိ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသစ်တောဌာနစာရင်းဝင် ဒီရေတောမရှိကြောင်း သိရပါတယ်။ သို့သော်လည်း လွတ်လပ်ရေးမတိုင်ခင်က ၁၃ မိုင်ခန့် ရှည်လျားသော ပင်လယ်ကမ်းခြေမှာ ၂၀၈၄ ဧကအထိ စားကျက်တောရှိခဲ့ပါတယ်။ ၎င်းစားကျက်တော၏ ပင်လယ်နှင့်ထိစပ်နေသော ကမ်းခြေတွင် သဘာဝအလျောက်ပေါက်နေသော ဒီရေတောများရှိခဲ့ပါတယ်။ ၎င်းသဘာဝဒီရေတောများကို ၁၉၉၃-၁၉၉၄ ခုနှစ်လောက်မှစ၍ ထင်းလောင်စာအဖြစ် ခုတ်ထွင်ခဲ့ပါတယ်။ ၎င်းနေရာမှာ လယ်မြေစိုက်ပျိုးခြင်းစခဲ့ပါတယ်။ ၁၉၉၆-၁၉၉၇ ခုနှစ်ကျတော့ ၎င်းစားကျက်မြေမှာ လယ်ယာစိုက်ပျိုးခြင်းကို ခွင့်ပြုခဲ့တဲ့အတွက်ကြောင့် ဒီရေတောများကို အလွန်အကျွံ ခုတ်ထွင်ပြီးတော့ လယ်မြေအဖြစ် ပြောင်းလဲသွားခဲ့ရာမှ ဒီရေတောများ ပျောက်ဆုံးခဲ့ရပါတယ်။ ဒီရေကို ကာတဲ့ ကမ်းပတ်တာမှာလည်း အားနည်းလာခဲ့ရပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ ညတွင်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအခြေတွင် ပယ်လယ်ကွေ့ကမ်းစပ်ရှိ ရွာပေါင်း ၁၄ ရွာမှာ ဒီရေကာကွယ် တောမရှိခြင်း၊ ကမ်းပတ်တာအားနည်းခြင်းတို့ကြောင့် ဒီရေလှိုင်းများအတားအဆီးမရှိ ကမ်းစပ်ရွာ အတွင်းသို့ ဝင်ရောက်ခဲ့ပါတယ်။ ကမ်းပတ်တာမှာလည်း နှစ်နေရာကျိုးသွားခဲ့သဖြင့် ဒီရေလှိုင်းကြီးများ ဒလဟောဝင်ရောက်ခြင်းကြောင့် တာအပြင်ကမ်းခြေရွာများနှင့် ကမ်းနီးရွာများမှာ အထိနာခဲ့ပါတယ်။ တချို့ရွာများမှာ ရွာလုံးကျွတ်နီးပါးမျှပျက်စီးခဲ့ရပါတယ်။ လူအသေအပျောက် အတော်များခဲ့ပါတယ်။ ဒေးဒရဲတစ်မြို့နယ်လုံးမှာ လူ ၄၀၀၀ နီးပါး၊ ၃၇၄၈ ဦးသေဆုံးရာမှာ ၎င်းကမ်းစပ်ရွာမှာရှိတဲ့ ၁၄ ရွာမှာ လူ ၃၃၀၀ ကျော်သေဆုံးခဲ့ရပါတယ်။ ကျွဲ၊ နွား၊ အိမ်ခြေပျက်စီးမှုကြီးမားခဲ့ပါတယ်။ သို့သော်လည်း တစ်ချိန်တည်းမှာပဲ ဘိုကလေးမြို့၊ မိန်းမလှကျွန်းမှာ ထူထပ်သော ဒီရေတောရှိခြင်းကြောင့် အပျက်အစီးနည်းခဲ့သည်လို့ သိရပါတယ်။ ထို့ကြောင့် ရွာသူရွာသားများကလည်း ဘဝတွေနဲ့ရင်းပြီး ဒီရေတောရဲ့တန်ဖိုးကို သိရှိနားလည်ခဲ့ရပါတယ်။ နာဂစ်မုန်တိုင်းပြီးနောက် ဒီရေတောက ပိုပြီးတော့ ပျောက်ဆုံးခဲ့ပါတယ်။ ကမ်းပြိုမှုကလည်း ပိုများလာပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တစ်ဖန် စားကျက်မြေပျောက်ဆုံးမှုကြောင့်လည်း ကျန်ရှိတဲ့ ကျွဲများ၊ နွားများ၊ ကျွဲကျောင်း၊ နွားကျောင်းလွှတ်သောအခါမှာ အစာရှားတဲ့အတွက်ကြောင့်မို့လို့ ကျွဲတွေ၊ နွားတွေက

စိုက်ပျိုးပင်တွေကို ဝင်စားရာမှ ကျွဲနွားပိုင်ရှင်နှင့် လယ်ပိုင်ရှင်များ အချင်းများကြပြီး ရန်ပွဲကြီးများ နှစ်စဉ် ဖြစ်နေကြပါတယ်။ စားကျက်မြေနှင့် ဒီရေတောကို ပြန်ရလိုသော ရွာသူရွာသားများနှင့် လယ်ပိုင်ရှင်များ အပြန်အလှန် အမှုများ မပြီးနိုင်အောင် ဖြစ်နေကြပြီး ထောင်ကျသူများလည်း ရှိကြပါ တယ်။ အချင်းချင်း အမုန်းပွားပြီး စိတ်ဝမ်းကွဲနေကြပါတယ်။ နာဂစ်မုန်တိုင်းပြီးနောက် မြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် စေတနာရှင် NGO အဖွဲ့များက ဒီရေတောများကို လာရောက်စိုက်ပျိုး ပေးမယ့်လည်း စနစ်မမှန်ခြင်း၊ စောင့်ရှောက်မှုအားနည်းခြင်း၊ မိမိအကျိုးအတွက် ရွာသားများက သစ်ပင်ခုတ်ခြင်း၊ ကမ်းပြို၍ပါသွားခြင်းတို့ကြောင့် ဒီရေတောများ အောင်မြင်သင့်သလောက် မအောင်မြင်ပါ။ သို့ပါသော်လည်း သဘာဝဘေးအန္တရာယ်မုန်တိုင်းသည် အချိန်မရွေးဖြစ်ပေါ်လာနိုင်ပါ တယ်။ မုန်တိုင်းနှင့် ဒီရေလှိုင်းကို ကာကွယ်တားဆီးနိုင်သည့် ခံတပ်သဖွယ်ဖြစ်သော ဒီရေတော ထူထူ မရှိမဖြစ် လိုအပ်ပါတယ်။ ထို့အတူ ဒီရေတောကာကွယ်သည့် ကမ်းပတ်တာမှာလည်း ကြံ့ခိုင်ဖို့ လိုအပ်ပါတယ်။ ရွာသူရွာသားများ၏ ထင်းလောင်စာအတွက်လည်း စိုက်ပျိုးမြေသတ်မှတ်ရန် နေရာ လိုအပ်ပါတယ်။ ရွာသူရွာသားများကိုလည်း ပညာပေးဖို့လည်း လိုအပ်ပါတယ်။ ပညာလည်း ပေးနေပါ တယ်။ စိုက်ပျိုးမြေလယ်များ အခြေချပြီးဖြစ်နေပါသဖြင့် နယ်မြေလုပွဲများမဖြစ်အောင် စီမံပေးဖို့လည်း လိုပါတယ်။ ကျွဲ၊ နွားများအတွက် စားကျက်များလည်း လိုအပ်ပါတယ်။ ထို့ကြောင့် ဥက္ကဋ္ဌကြီးရှင်။ ဒေးဒရဲမြို့နယ်အတွင်း ကမ်းပတ်တား၊ ပင်လယ်ကမ်းခြေရှိ ရွာသူရွာသားများ၏ သဘာဝ ဘေးအန္တရာယ်အတွက် စိုးရိမ်သောကများ ပြေပျောက်စေရန်လည်းကောင်း၊ ရွာသူရွာသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးစေရန်အတွက် အရေးကြီးသော ခံတပ်သဖွယ်ဖြစ်သော ဒီရေတောများကို ဖွဲ့စည်းတည်ဆောက်ပေးပါရန် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအား တိုက်တွန်း ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဒါဟာ ဒေးဒရဲမြို့ရဲ့မြေပုံဖြစ်ပါတယ်။ မုတ္တမ ပင်လယ်ကွေ့မှာ ဖျာပုံအစပ်ကနေပြီးတော့ ဒီဘက် ဒုံးယန်းအပေါက်အထိ ကမ်းခြေဟာ ၁၃ မိုင်ရှည်ပါတယ်။ နုန်းတင်တဲ့ နေရာမှာ သဘာဝဒီရေတောရှိပေမယ့် အများအားဖြင့်တော့ မရှိပါဘူး။ ဒါဟာ နာဂစ်မှာ တာကျိုးသွားတဲ့နေရာရှိပါတယ်။ တည့်တည့်ရွာက ကွေးကုန်းဆိုတဲ့ ရွာဖြစ်ပါတယ်။ လူ ၁၀၀ ကျော် သေသွားခဲ့ပါတယ်။ ပင်လယ်ဒီရေနှင့် ဒီကမ်းပတ်တာဟာ တိုက်ရိုက်ထိစပ်မှုရှိနေ ပါတယ်။ နောင်တစ်ချိန်မှာလည်း ဆက်ပြီးတော့ မြေပြိုမှုနှင့် ကမ်းပတ်တာဟာ ဆက်ပြီးတော့ အန္တရာယ် ရှိနေပါတယ်။ ဒီဘက် အောက်ဖက်က ပင်လယ်ကမ်းခြေနဲ့ကျေးရွာများ တည်ရှိပုံက အင်မတန်ကို နီးစပ်နေပါတယ်။ ဒီရေတောက ရှိပေမယ့် ကျိုးတို့ကျဲတဲနည်းပါးနေပါတယ်။ ထို့အတူပါပဲ လယ်တွေက

ကမ်းခြေဘက်ကို ချဲ့လာတဲ့အတွက်ကြောင့်မို့လို့ ဒီရေတောက တဖြည်းဖြည်းနဲ့ ပိုပြုန်းလာခဲ့ပါတယ်။ နည်းပါးနေပါတယ်။ ဒါဟာသေဆုံးသွားတဲ့ လူတွေစာရင်းဖြစ်ပါတယ်။ ကမ်းခြေအစပ်မှာ ရှိနေတဲ့ရွာတွေဖြစ်ပါတယ်။ တစ်ရွာအုပ်စုမှာ ၁၀၀ ကျော် သေတယ်။ ၅၀ ကျော်၊ ၁၀၀၊ ၁၃၀၊ ၁၇၀ စသည်ဖြင့် သေဆုံးမှုက အတော်များပါတယ်။ စလင်းရွာမှာ ၁၃၂၆ ယောက်သေတယ်ဆိုတာများပါတယ်။ ကျွန်မဆီကိုတင်ပြတဲ့ ရွာကလူတွေရဲ့ တောင်းဆိုမှုစာရင်းတွေပါ။ ကျွန်မဆီမှာ တစ်ထပ်ကြီးရှိပါသေးတယ်။ ကျွန်မက ရသလောက်ကို တင်ပြပေးခြင်း ဖြစ်ပါတယ်။ သူတို့တင်ပြတာတွေကို ကျွန်မတို့အကုန်မတင်ပြနိုင်ဘူး။ တချို့တစ်ဝက်တင်ပြခြင်းဖြစ်ပါတယ်။ ရွာသူရွာသားများရဲ့စိုးရိမ်မှုနှင့် သူတို့ကို အန္တရာယ်ကာကွယ်ပေးဖို့အတွက် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနကို ဒီရေတောများကာကွယ်ဖွံ့စည်းပေးပါရန် လေးစားစွာနှင့် တိုက်တွန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်ခင်ညို တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ဒေးဒရဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ပင်လယ်ကမ်းခြေများမှာ ဒီရေတောများစိုက်ပျိုးပေးရန်အတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တော်တော်များများဟာ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးရဲ့ ဒဏ်ကြောင့် ပြည်သူလူထုများရဲ့ အသက်အိုးအိမ်စည်းစိမ်အများအပြား ဆုံးရှုံးခဲ့ရဖူးပါတယ်။ ဒီအကျိုးဆက်ကြောင့်ပဲ အသက်ရှင်ကျန်ရစ်ခဲ့ကြသူများဟာလည်း စိတ်ဒဏ်ရာတွေရကြပါတယ်။ အလုပ်အကိုင်ရှားပါးမှုကြောင့် ရွှေ့ပြောင်းလုပ်သားတွေဖြစ်ရ၊ အမျိုးသမီးငယ်တွေဟာလည်း လူကုန်ကူးခံရနဲ့ မိဘမဲ့ကလေးဘဝတွေလည်း များစွာတွေ့ကြုံခဲ့ရပြီးတော့ အားအင်ချိနဲ့ရတဲ့ တိုင်းတစ်တိုင်းဖြစ်ခဲ့ ရပါတယ်။ သို့သော် ဒီနာဂစ်မုန်တိုင်းကြီးဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် ဘိုကလေး မြစ်ဝမှာရှိတဲ့ မိန်းမလှကျွန်းဒီရေတောကြောင့် ဘိုကလေးမြို့မှာ အပျက်အစီးနည်းခဲ့ရပြီး ဒီရေတော မှာရှိတဲ့

ရွာပေါင်း ၁၈ ရွာမှာ လူ ၁၆၀၀၀ ရှိတဲ့နေရာမှာ သုံးဦးသာလျှင် သေဆုံးခဲ့ရတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒီရေတောမရှိတဲ့ ကြိမ်ချောင်းကြီးကျေးရွာအုပ်စုမှာတော့ ရွာလုံးကျွတ်နီးပါး လူပေါင်း ၁၆၀၀၀ ကျော် အသေဆိုးနဲ့ သေခဲ့ရတာတွေကိုလည်း ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ဒီရေတောရဲ့တန်ဖိုးကို ခန့်မှန်းကြည့်နိုင်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်ဒေသမှာရှိတဲ့ ဒီရေတောများဟာ အကြောင်းအမျိုးမျိုးကြောင့် လက်ရှိပြုန်းတီးမှုနှုန်းနဲ့ဆိုရင် မကြာမီပျောက်ကွယ်သွားနိုင်ကြောင်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း သိရှိရပါတယ်။ ဒီရေတောများပြန်လည်စိုက်ပျိုးတဲ့လုပ်ငန်းကို ပြည်တွင်းပြည်ပ NGO တွေ လုပ်ဆောင်လာကြပေမယ့် စီမံကိန်းအများစုဟာ အောင်မြင်မှုနည်းခဲ့တာကို ကျွန်တော်တို့ တွေ့မြင်နေကြရပါတယ်။ ပြုန်းတီးမှုတွေဟာလည်း ရပ်တန့်သွားနိုင်မှာ မဟုတ်ပါဘူးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီရေတောများပြုန်းတီးမှုကို ကာကွယ်နိုင်လျှင် သဘာဝပတ်ဝန်းကျင်နှေ့ ဂေဟာစနစ်ထိန်းသိမ်းရေးမှာ ကျွဲကူးရေပါအဆင်ပြေနိုင်ပါတယ်။ ထို့အပြင် ကမ်းရိုးတန်းဒေသများရဲ့ သဘာဝဘေးအန္တရာယ်လုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဒီရေတောများ ပြုန်းတီးမသွားခင်မှာ ပြည်ထောင်စုအစိုးရအနေနဲ့ ထိရောက်မှန်ကန်သော ဥပဒေများ ပြဋ္ဌာန်းပေးရန် လိုအပ်သလို စနစ်တကျပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်လည်း အထူးလိုအပ်လှပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းအဆင့်ဆင့်နဲ့ NGO အဖွဲ့များ၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းပြီးတော့ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဒီရေတောများစိုက်ပျိုးလို့ရတဲ့ နေရာတိုင်းမှာ ဒီရေတောများအလျင်အမြန် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါကြောင်းကို ဒေးဒရဲပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းမှာရှိတဲ့ ပင်လယ်ကမ်းခြေများမှာ ဒီရေတောများစိုက်ပျိုးဖော်ဆောင်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့အဆိုနေရာမှာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဒီရေတောများ စိုက်ပျိုးလို့ရရှိတဲ့နေရာတိုင်းမှာ ဒီရေတောများ စိုက်ပျိုးဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်းအဆိုအဖြစ် တင်သွင်းသင့်ပါကြောင်းကို ကျွန်တော် လေးလေးနက်နက် ထောက်ခံရင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထောက်ခံတဲ့ကိုယ်စားလှယ် ရှင်းရှင်းလင်းလင်းတစ်ခုတည်းပြောပါ။ ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့ အဆိုကို ထောက်ခံမှာလား။ အခုနက ပြောသွားတဲ့အထဲမှာ

ပြင်ဆင်ချက်အဆို ဖြစ်နေတယ်။ ကိုယ်ဟာကိုယ် ပြင်ဆင်အဆိုတင်သွင်းမှာလား။ ပြင်ဆင်ချက်အဆို တင်သွင်းမယ်ဆိုရင် ဒီအဆိုအပေါ်မှာ ကိုယ်ဟာကိုယ် ပြင်ဆင်ချက်အဆို တင်လို့ရတယ်။ တင်ခွင့်ရှိတယ်။ သို့သော် ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့အဆိုကို ထောက်ခံမယ်ဆိုရင် ရှင်းရှင်းလင်းလင်း ထောက်ခံပါ။

**ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာဒေါ်ခင်ညို တင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျာ။

## ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို တင်သွင်းသောအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဒေါက်တာဒေါ်ခင်ညိုတင်သွင်းတဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသေးသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သဘောတူတဲ့အတွက် ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲမဲဆန္ဒနယ်က တင်သွင်းသော ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများ ဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂-၆-၂၀၁၆ ရက်(ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**